ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-5-2005)(၄၅၉၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တွင်း ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော လူနာများ၏ ဆေးဝါးကုသခံယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် မေ ၁၇

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက်အဖျက်သမားများက မေ ၇ ရက်တွင် ရက်စက်စွာ ချိန်ကိုက်ဗုံးထောင် ဖောက်ခွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော ဒဏ်ရာရလူနာများ၏ ဆေးဝါးကုသခံယူနေမှုများကို ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများ၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ညနေ ၅နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်မြို့တွင်း မေ ၇ ရက်က ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော လူနာများ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသခံယူနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ မေ ၁၅ရက် နံနက် ၆နာရီခွဲက လားရှိုးမြို့အဝင် ရွှေတိဂုံပုံတူ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် စီမံကိန်းလုပ်ငန်းခွင်ရှိ သာသနာ့ဗိမာန်တော်ကြီးအတွင်း ယာယီကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၈-၅-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အမျိုးသားနိုင်ငံရေး အသိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်

ယနေ့ကာလသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသားပြည်သူအားလုံး လူနေမှုအဆင့် မြင့်မားစေရေးလုပ်ငန်းများကို တက်တက်ကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။

အထူးသဖြင့် ယခင်ခေတ်ကာလများက ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေးဒေသကြီးများသတ်မှတ်၍ ဒေသအလိုက် အကောင်အထည်ဖော်လျက်ရှိသည့် နည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကိုပါ အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ကိုင်နေသည်ကို တွေ့မြင်နေရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (စည်ပင်သာယာရေးဦးစီးဌာန) စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေလ ၁၆ ရက်နေ့က စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီး ကျေးလက်ဒေသနှင့် မြို့သာယာလှပရေး ဆုရမြို့နယ်များအား ဆုများချီးမြှင့်ခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် **ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်နေကြသော စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များကို အောင်မြင်အောင် အမျိုးသား နိုင်ငံရေးအသိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း** မှာကြားသွားသည်။

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေရသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးကြီးကြပ်စီမံဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဖော်ဆောင်သည့်အခါ ပြည်သူများနှင့် တစ်ထပ်တည်း တစ်သားတည်း ဖြစ်စေရေးကြိုးပမ်းကြရမည်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ရွာသာယာလှပရေး၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အနက် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကိုပါ စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ် ၃၀ နှစ်ရှည်စီမံကိန်းဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ မြို့ပြနှင့် ကျေးလက်လမ်း မိုင်သုံးသောင်းကျော်နှင့် တံတားပေါင်း တစ်သောင်းခုနစ်ထောင်ကျော် ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အနက် ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက် ရှိသည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ခုနစ်ထောင်ကျော်တွင် သန့်ရှင်းသော သောက်သုံးရေရရှိစေမည့် အစီအမံများကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။

လမ်းပန်းဆက်သွယ်မှုများ ချောမွေ့ကောင်းမွန်လာခြင်းသည် ဒေသအလိုက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုလျက်ရှိသည်။ အလားတူ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဖြည့်ဆည်းပေးမှုများသည် ကျေးလက်နေပြည်သူများ၏ အသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း တွေ့ရသည်။

သို့ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင်လာသော မြို့ပြအင်္ဂါရပ်များနှင့်အညီ မြို့ပြသာယာလှပရေးလုပ်ငန်းများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ရင်း စီမံကိန်း၊ စီမံချက်များဖြင့် သတ်မှတ် အကောင်အထည်ဖော်လျက်ရှိသည့် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အမျိုးသားနိုင်ငံရေးအသိစိတ်ဖြင့် တက်တက်ကြွကြွ ကြိုးပမ်းထမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ကြည့်ရှု စစ်ဆေး

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(လျှပ်စစ်စွမ်းအား)

လျှပ်စစ်စွမ်းအားဝန်ကြီး ကွန်းချောင်းနှင့်ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး လုပ်ငန်းများ သတ်မှတ်ကာလထက် စောပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

ရန်ကုန် မေ ၁၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်လိုက်ပါ၍ မေ ၉ ရက် မွန်းလွဲပိုင်းတွင် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေထိန်းမျှော်စင်သို့ ချဉ်းကပ်တံတား တပ်ဆင်တည်ဆောက်နေမှု အခြေအနေ၊ ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်း၊ အမှတ်(၂) ချဉ်းကပ်ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်း၊ ဖိအားမြှင့်ပိုက်လိုင်း တပ်ဆင်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အချိန်မီပြီးစီး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ်ရှိ (၂၃၀)ကေဗွီ သာယာကုန်း(ကျောက်တံခါး) ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းတာဝန်ခံ၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ ဓာတ်အားခွဲရုံ တည်ဆောက်မည့်နေရာ၊ ထရန်စဖော်မာနှင့် ဓာတ်အားထိန်းချုပ် ခလုတ်ဝင် တည်ဆောက်မည့်နေရာ၊ ဓာတ်အားလိုင်းအဝင်-အထွက် လမ်းကြောင်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဓာတ်အားခွဲရုံ တည်ဆောက်မှုကို လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ တည်ဆောက်မှုနှင့် တစ်ပြေးညီ အချိန်မီ ပြီးစီးအောင် တည်ဆောက်ရေးမှာကြားသည်။

ဖြန့်ဖြူး

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတို့ ပြီးစီးပါက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်၍ မြန်မာပြည်တစ်ဝန်းသို့ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ပင်မတမံ မြေသားဖို့ခြင်းလုပ်ငန်း၊ စီမံကိန်း၏ ဝဲဘက်ကမ်း၊ ယာဘက်ကမ်းနှင့် တမံအောက်ခြေခိုင်ခံ့ရေးအတွက် ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်း၊ တမံတည်ဆောက်မည့် ပုံစံငယ်နှင့် စီမံကိန်းတွင် အသုံးပြုမည့် ဒေသထွက် မြေသားနမူနာ၊ ကျောက်သားနမူနာတို့ကို ကြည့်ရှုစစ်ဆေး၍ စီမံကိန်းမှ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထိုသို့ ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးရာ၌ စီမံကိန်းမှ တာဝန်ရှိသူများအား ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ မိမိတို့ဌာနအလိုက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများကို သတ်မှတ်ကာလထက် စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီအောင် ကြပ်မတ်ဆောင်ရွက်ရေးနှင့် လိုအပ်သည့်ပစ္စည်းများကြိုတင် စုဆောင်း၍ လုံခြုံအောင် သိုလှောင်ထားရှိရေး၊ ယာဉ်နှင့် စက်ယန္တရားများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေး၊ စက်သုံးဆီ၊ ဘိလပ်မြေနှင့် သံချောင်းများ အလေအလွင့်မရှိရေး၊ ခြိုးခြံချွေတာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စတို့ကို အသေးစိတ်ဆွေးနွေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်သည် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၄ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းထားသည့် သုတရသစာအုပ်မျိုးစုံ ၁၀၀၀၀ ကျော်ကို ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းလက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် တွံတေးမြို့နယ်ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ထို့နောက် စာကြည့်တိုက်လုပ်ငန်း၊ မြေစိုက်ဘုတ် နံရံကပ်စာစောင်ပြပွဲတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲ၊ ယာရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်သော ကံဘဲ့စံပြကျေးရွာ၊ စမ်းရွာ၊ ပေါက်တော၊ ဘုရားကြီး၊ လာကပုံကျေးရွာ စာကြည့်တိုက်များသို့ စေတနာရှင်ပြည်သူများ၏ လှူဒါန်းစာအုပ်များကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းလက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မွန်းလွဲပိုင်းတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ကော့မှူးမြို့နယ်ရုံး၊ ကွမ်းခြံကုန်းမြို့နယ်ရုံးများသို့ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းစာအုပ်များကို ပေးအပ်ပြီး စာကြည့်တိုက်လုပ်ငန်း၊ မြေစိုက်ဘုတ်နံရံကပ် စာစောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

➪ ရှေ့ဖုံးမှ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်အောင်၊ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် သမားတော်ကြီးများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဒဏ်ရာရလူနာများ၏ ဆေးဝါးကုသခံယူမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် သမားတော်ကြီးများက လိုက်လံရှင်းလင်းတင်ပြကြသည်။

အထွေထွေရောဂါကု ဆေးရုံသစ်ကြီး

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေ ၆ နာရီခွဲတွင် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လှကြင်နှင့် သမားတော်ကြီးများက ကြိုဆိုကြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အထွေထွေ ရောဂါကုဆေးရုံသစ်ကြီးရှိ ဒဏ်ရာရလူနာများ၏ ဆေးဝါးကုသခံယူမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ည ၇နာရီတွင် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ဒဏ်ရာရလူနာများ တက်ရောက် ဆေးဝါးကုသလျက်ရှိသည့် ဆေးရုံများ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ စုပေါင်းလျက် ရုံးခန်းများဖွင့်လှစ်ထားရှိပြီး လူနာများအတွက်နံနက်စာ အပါအဝင် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တွင်း မေ ၇ ရက်က ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော လူနာများ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ဆေးဝါးကုသခံယူနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ တိုင်းမှူးမှ

ပတ္တမြားမျက်ရှင်တော် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးနှင့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။

ကောက်ကွေ့ချောင်းတမံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ ဆင်းရွှေလီ အထူးအထွက်တိုး နေကြာမျိုးသန့် စံပြနှစ်ဧကစိုက်ခင်းနှင့် နွေစပါးစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စိုက်ခင်းများစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် လားရှိုးမြို့အထွက် ကုန်းမြင့်ယာမြေအမှတ်(၁)ဧက ၁၀၀၀မျိုးစေ့ ထုတ်ဇုန်အတွင်း ဆင်းရတနာအထူးအထွက်ကောင်း စပါးမျိုးစေ့ထုတ် စံပြငါးဧကစိုက်ခင်းသို့ လည်းကောင်း၊ နှစ်ရှည်သီးနှံ မက္ကဒေးမီးယားနှင့် ပျားလိမ္မော်စိုက်ခင်းနှင့် ရာသီသီးနှံ စိုက်ခင်းသို့လည်းကောင်း၊ မက္ကဒေးမီးယားပျိုးဥယျာဉ်သို့လည်းကောင်း၊ ငါးကန် ၁၀ကန်အတွင်း ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယားနှင့် ငါးခုံးမများ မွေးမြူထားရှိမှုအခြေအနေများ၊ ဟင်းခင်းပဒေသာစိုက်ခင်းအတွင်း ရာသီသီးနှံပင်များ၊ စင်တင်သီးနှံပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် နယ်မြေခံတပ်ရင်း၏ စံပြနှစ်ရှည်ဆင်းရွှေလီ ပျားလိမ္မော် ၂ဒသမ၇၅ ဧကစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စောလွင် ခေါင်းဆောင်သည့် မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးလေ့လာ

ရန်ကုန် မေ ၁၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ခေါင်းဆောင်သည့် မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Li Cheng Yu ၏ ဖိတ်ကြားချက်အရ မေ ၈ရက်မှ ၁၅ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရေး၊ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနက တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိသော ဘက်စုံသုံး ဒီဇယ်အင်ဂျင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းကိစ္စ၊ မြေတူးမြေကော်စက် Bull Dozer, Hydraulic Excavator စက်ရုံတည်ဆောက်ရေးစီမံကိန်းကိစ္စများ၊ ရေဒီယယ် တာယာစက်ရုံ တည်ဆောက်ရေးစီမံကိန်းကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရန်နှင့် စက်ရုံများလေ့လာရန် သွားရောက်ခဲ့သည်။

ဆွေးနွေးညှိနှိုင်း

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မေ ၈ရက်တွင် ကူမင်းမြို့၌ South Asia Economic and Technical Cooperation Group (SACO) ဥက္ကဋ္ဌ Mr. Carol Auyang ' XJ Group Corporation ဒုတိယဥက္ကဋ္ဌ Mr. Gon Kai တို့ ခေါင်းဆောင်သည့် အဖွဲ့နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် တာယာများ၊ ရော်ဘာကုန်ကြမ်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဝန်ကြီးသည် မေ ၁၀ရက်တွင် ဟေနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး Mr. Shi Jichunနှင့် နှစ်နိုင်ငံချစ်ကြည်ရေး၊ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီများ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများ၏ ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း ဘက်စုံသုံး ဒီဇယ်အင်ဂျင်စက်ရုံ စီမံကိန်းကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဟေနန်ပြည်နယ် စူချန်းမြို့ရှိ XJ Group Corporation ၊ လော့ရန်မြို့ရှိ SCIVIC Engineering Corporation , Henen Diesel Engine Plant တို့၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ စက်ရုံများလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်

ရှန်ဒေါင်းပြည်နယ် ဂျီးနင်းမြို့၌လည်း မြေတူးမြေကော်စက် စက်ရုံတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို Shantui Construction Machinery Co., Ltd မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ စက်ရုံများလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးသည် ပေကျင်းမြို့၌ China CAMC Engineering Co., Ltd. (CAMCE)နှင့် Shenzhen Hubei Baofen Industrial Co., Ltd. တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ၌ ရေဒီယယ် တာယာစက်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံရန်ကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး မေ ၁၅ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်ငါးဦး လိုက်ပါခဲ့သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မေလ (၁၀)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၆၈၄၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စီမံခန့်ခွဲရေးအခြေခံ (ဆင့်ပွား) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၇

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စီစဉ်ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးအခြေခံ(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁၁/၂၀၀၅) ဆင်းပွဲ အခမ်းအနားကို မေ ၇ရက် ညနေ ၃နာရီတွင် ကြာညှပ်ကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်သူများအား ဆုများချီးမြှင့်သည်။ သင်တန်းသို့ သင်တန်းသား ၈၅ဦး တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

စီးပွား / ကူးသန်းဒုတိယဝန်ကြီး တရုတ်ဧည့်သည်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းအား China South-east Asia Commercial Committee မှ အထွေထွေ အတွင်းရေးမှူး Mr. Xu Ningning နှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (သတင်းစဉ်)

အီရတ်နိုင်ငံအနောက်ပိုင်း အယ်လ်-ဆူမာရာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို မေ ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အန်ကောဝပ်ကျောင်းတော်သို့ လာရောက်လေ့လာသည့် ကမ္ဘာလှည့်ခရီးသွားများအား ဝင်ကြေးတိုးမြှင့်ကောက်ခံမည်

ဖနောင်ပင် မေ ၁၆

ကမ္ဘောဒီးယားနိုင်ငံ၏ အထင်ကရ ရှေးဟောင်းဝတ်ကျောင်းတော် အန်ကောဝပ်သို့ လာရောက်လေ့လာသူ ကမ္ဘာလှည့် ခရီးသည်များကို ကောက်ခံနေသောဝင်ကြေးငွေကို လာမည့်လတွင် တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းများက ဆိုသည်။

အန်ကောဝပ်ဒေသ၏ ကြီးကြပ်မှု လုပ်ငန်းများကို ဆောင်ရွက်နေသော အက်ပ်ဆာရာ အာဏာပိုင်အဖွဲ့၏ ကြေညာချက်တွင် ပြည်ပခရီးသွားများ အပေါ်ကောက်ခံနေသော ဝင်ရောက်ခကို တိုးမြှင့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ တစ်နေ့ဝင်ရောက်လေ့လာခ လက်မှတ်ကို တစ်စောင်လျှင် အမေရိကန်ငွေ ဒေါ်လာ ၂၀ ဖြင့် ရောင်းချနေရာမှ လာမည့်ဇွန် ၁ ရက်တွင် လက်မှတ်ခနှုန်းထားကို ၂၃ ဒေါ်လာသို့ တိုးမြှင့်မည်ဖြစ်သည်။

တိုးမြှင့်

သုံးရက်စာ ဝင်ရောက်လေ့လာမည်ဆိုပါက နှုန်းထားဟောင်းအရ ၄၀ ဒေါ်လာကောက်ခံနေရာမှ နှုန်းထား အသစ်အရ ၄၃ ဒေါ်လာဖြင့်ကောက်ခံမည်ဖြစ်သည့်အပြင် သီတင်းတစ်ပတ်စာ ဝင်ရောက် လေ့လာခကိုလည်း ဒေါ်လာ ၆၀ မှ ၆၃ ဒေါ်လာသို့ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြ

ထိုသတင်းမှာ မှန်ကန်ကြောင်း၌ာနေ ခရီးသွားလုပ်ငန်းဖြစ်သော ဝန်လေအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် တီကန်က အတည်ပြုပြောကြားကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။ ယင်းသို့ ဝင်ခဈေးမြှင့်လိုက်သည့်အတွက် ခရီးသွားလုပ်ငန်း ထိခိုက်မည်ကို လုပ်ငန်းရှင်များက စိုးရိမ်နေကြသည်ဟု ဆိုသည်။

လက်ရှိအခြေအနေတွင် ခရီးသွားများသည် ကမ္ဘောဒီးယားတွင် ခရီးသွားလာစရိတ်ကြီးမြင့်သည်ဟူသော ညည်းတွားသံများ ထွက်နေသည်။

ဝင်ငွေ

ပြီးခဲ့သော ၂၀၀၃ ခုနှစ် တစ်နှစ်တည်းမှာပင် အန်ကောဝပ်ကျောင်းတော်သို့ ဝင်ရောက်ခ လက်မှတ်စောင်ရေ ၃၂၁၅၅၇ စောင်ရောင်းချခဲ့ရပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်း ရရှိခဲ့ကြောင်း သက်ဆိုင်ရာ စာရင်းအင်းများက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနှင့် မလေးရှား နယ်မြေလုံခြုံရေး ပူးတွဲ ကင်းလှည့်

ဗန်ကောက် မေ ၁၆

ထိုင်းနှင့် မလေးရှားတပ်ဖွဲ့များသည် ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ် ပြည်နယ်နှင့် မလေးရှားနိုင်ငံ ကီလန်တန်ပြည်နယ် နယ်စပ်ဒေသ တစ်လျှောက်တွင် ပူးတွဲ၍ လုံခြုံရေး ကင်းလှည့်ကြပြီဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဗုဒ္ဓဟူးနေ့ သတင်းတွင် ဖော်ပြသည်။

ထိုသို့ နယ်စပ် ပူးတွဲကင်းလှည့်ရေး အစီအစဉ်သည် ငါးလတာကြာမြင့်မည် ဖြစ်သည်။ ထိုအစီအစဉ်ကို မေလ ၁၀ ရက်မှ စတင်ခဲ့သည်။ ထိုင်းနိုင်ငံ အမှတ်(၅) ကြည်းတပ်မှ ဌာနချုပ် ဦးစီးမှူး ဗိုလ်မှူးကြီး ပရီချာပလာယူဝမ်နှင့် မလေးရှားနိုင်ငံမှ စစ်ဦးစီးမှူး ဗိုလ်မှူးချုပ် မဟာဒီယူစွပ်တို့က တာဝန်ယူကာ ၁၁၀ ကီလိုမီတာ ရှည်လျားသော နယ်စပ်တွင် တစ်ဖက်လျှင် တပ်ဖွဲ့ဝင် ၃၆ ဦးစီ ပါဝင်သော ပူးတွဲကင်းလှည့်ရေးအဖွဲ့က စောင့်ကြပ်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဈူကလီးယားမပြန့်ပွားရေးစာချုပ် ခိုင်မာစေရေး ကမ္ဘာ့နိုင်ငံများကြိုးပမ်းရန် ကိုဖီအာနန် တိုက်တွန်း

ကုလသမဂ္ဂ မေ ၁၆

ဈူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (အင်န်ပီတီ) ခိုင်မာတိုးတက်စေရေးအတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်လုပ်ကိုင်နိုင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

ဈူကလီးယား မပြန့်ပွားရေးစာချုပ်အား ပြန်လည်သုံးသပ်သည့် ညီလာခံကို အလေးအနက်ထားကြရန်နှင့် အင်န်ပီတီစာချုပ် ခိုင်မာတိုးတက်ရေးအတွက် အရေးတယူလုပ်ကိုင်ဆောင်ရွက်ကြရန် ဂျီနီဗာမြို့မှ ပြန်လည်ရောက်ရှိလာပြီးနောက် ကိုဖီအာနန်က သတင်းထောက်များအား ပြောကြားသည်။

ဈူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်အား ပြန်လည်သုံးသပ်သည့် ညီလာခံကို ရက်သတ္တ နှစ်ပတ်ကြာမျှ ကျင်းပလာခဲ့ပြီးမှသာ ညီလာခံတွင် ဆွေးနွေးမည့် အစီအစဉ်ကို အတည်ပြုနိုင်ခြင်းအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်မှာ စိတ်ပျက်နေပုံရကြောင်း သတင်းများတွင် ဖော်ပြသည်။ အင်န်ပီတီ သုံးသပ်ရေးညီလာခံတွင် ဆွေးနွေးမည့်အစီအစဉ်အတွက် ညှိနှိုင်းရာ၌ သီတင်းနှစ်ပတ်မျှ အချိန်ယူရခြင်းအတွက် မိမိရင်လေးမိကြောင်း၊ ညီလာခံသို့ တက်ရောက်လာသော နိုင်ငံများသည် ၎င်းတို့၏အလုပ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြမည်ဟု မိမိမျှော်လင့်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

သမိုင်းဝင် ညီလာခံတစ်ရပ်ဖြစ်သော အင်န်ပီတီ ပြန်လည်သုံးသပ်ရေး ညီလာခံသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ယင်းစာချုပ်ပါ စည်းမျဉ်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့်ပတ်သက်၍ သုံးသပ်ရန် ရည်ရွယ်သည်။ မေ ၂ရက်တွင် ညီလာခံကို ဖွင့်လှစ်ခဲ့ပြီး မေ ၂၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်တွင် ခေတ်မီမြို့ပြစက်မှုဇုန်ကြီး တည်ဆောက်မည်

ဟန္နိုင်း မေ ၁၆

ဗီယက်နမ်နိုင်ငံတွင် စက်မှုရပ်ကွက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သော အကြီးဆုံးခေတ်မီ မြို့ပြစက်မှုဇုန်ကြီးတစ်ခု တည်ထောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုမြို့ပြစက်မှုဇုန်မှာ နိုင်ငံ၏တောင်ပိုင်း ဘင်ဒေါင်းပြည်နယ်တွင် တည်ရှိမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၁၉၀ ကျခံကာ ဆောင်ရွက်သွားမည်ဟုဆိုသည်။

ယင်းမြို့ပြစက်မှုဇုန်တွင် ကုန်သွယ်ရေးဗဟိုဌာနများ၊ စက်မှုရပ်ကွက်များ၊ ရုံးအဆောက်အအုံများ၊ လူနေရပ်ကွက်အဆောက်အအုံများ၊ ကမ္ဘာလှည့်ခရီးသွား အပန်းဖြေရာနေရာများ၊ ဘဏ်တိုက်များနှင့် ကျောင်းများ စသည်ဖြင့် လိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်ဆည်းပေးထားမည်ဖြစ်ကြောင်း သိရသည်။ ထိုအဆောက်အအုံများ တည်ဆောက်မည့်နေရာသည် အကျယ်အဝန်း ဟက်တာ ၄၂၀၀ ရှိမည်ဖြစ်သည်။ အဆိုပါ စက်မှုမြို့ပြဇုန်အတွင်းတွင် ပြည်တွင်းစီးပွားရေးသမားများသာမက ပြည်ပလုပ်ငန်းရှင်များကပါ ရင်းနှီးမြှုပ်နှံကာ ဝင်ရောက်လုပ်ကိုင်ကြမည်ဖြစ်သည်။ အဆိုပါ မြို့ပြစက်မှုဇုန်သည် ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးသွားသောအခါ ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅ ဘီလီယံကို ဆွဲဆောင်နိုင်ဖွယ်ရာရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အန့်တက် အကြီးအကဲအဖြစ် ဆူပါချိုင်းအား ကုလသမဂ္ဂကခန့်အပ်

ဂျီနီဗာ မေ ၁၆

ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံအဖွဲ့ (အန့်တက်)သည် ယင်းအဖွဲ့အစည်း၏ အကြီးအကဲအဖြစ် ဆူပါချိုင်း ပါနစ်ချက်ပါဒီအား ကုလသမဂ္ဂက ခန့်အပ်လိုက်ခြင်းကို ကြိုဆိုလိုက်ကြောင်း သောကြာနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ လက်ရှိအကြီးအကဲ ဆူပါချိုင်းအား အန့်တက်အဖွဲ့၏ အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ရန် အတည်ပြုပေးခဲ့သည်။ ဆူပါချိုင်းသည် လေးနှစ်သက်တမ်းရှိ အန့်တက်အကြီးအကဲရာထူးတွင် စက်တင်ဘာ ၁ ရက်မှ စတင်၍ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ဆူပါချိုင်းသည် ၎င်း၏ ဘဝတွင် အစိုးရလုပ်ငန်း၊ သံတမန်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းတို့၌ လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံရှိသူဖြစ်ပြီး အန့်တက်အဖွဲ့၏ လုပ်ငန်းများနှင့် ကျွမ်းဝင်သူဖြစ်ကြောင်း ဂျီနီဗာ-အခြေစိုက်အန့်တက်အဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံခြား သတင်းများ

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး ကူညီရန် ထိပ်သီးဆွေးနွေးပွဲတွင် တာလာဘန်နီ တိုက်တွန်း

ဘရာစီလီယာ မေ ၁၆

စစ်ကြောင့်ပျက်စီးနေသော မိမိ၏နိုင်ငံအတွက် အကူအညီများပေးကြပါရန် အီရတ်သမ္မတသစ် ဂျာလားတာလာဘန်နီက အင်္ဂါနေ့တွင် ကမ္ဘာ့နိုင်ငံများအား ပန်ကြားလိုက်သည်။

မျှော်လင့်

တောင်အမေရိကနှင့် အာရပ်နိုင်ငံများ၏ နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားရာ၌ တာလာဘန်နီက အထက်ပါအတိုင်း ဖော်ပြသည်။ ဘရာဇီးနိုင်ငံ ဘရာစီလီယာမြို့၌ ကျင်းပသော အဆိုပါ ထိပ်သီးဆွေးနွေးပွဲသည် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် အထောက်အကူရရှိမည်ဟု တာလာဘန်နီက မျှော်လင့်သည်။

တိုက်တွန်း

အကြမ်းဖက်မှုကို ပြစ်တင်ရှုတ်ချကြရန် တာလာဘန်နီက ထိပ်သီးဆွေးနွေးပွဲတွင် တိုက်တွန်းပြောကြားသည်။ အကြမ်းဖက်မှု ပြဿနာသည် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရသော ပြဿနာတစ်ခု ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အသတ်ခံရတိုင်း အပြစ်မဲ့ အီရတ်အရပ်သား ၃၀၀ သေဆုံးရကြောင်း တာလာဘန်နီက ပြောကြားသည်။

ထူထောင်သင့်

ဘဏ္ဍာရေးပြဿနာ ဆိုးဆိုးရွားရွား ရင်ဆိုင်နေရသော နိုင်ငံများအား ရန်ပုံငွေ ထောက်ပံ့ကူညီနိုင်ရန် တောင်အမေရိက-အာရပ် ဖွံ့ဖြိုးရေးဘဏ် ထူထောင်သင့်ကြောင်း ၎င်းက တိုက်တွန်းသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မီးတောင်

အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာမြို့ အရှေ့တောင်ဘက်တွင် လှုပ်ရှားလာသော ဆီမာရူမီးတောင်မှ မီးခိုး မှုတ်ထုတ်နေသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်တွင် လက်ကိုင်ဖုန်းဈေးကွက် မြင့်တက်လာမည်

ဟန္နိုင်း မေ ၁၆

ဗီယက်နမ်နိုင်ငံတွင် လက်ကိုင်ဖုန်း ကိုင်ဆောင်သုံးစွဲသူဦးရေသည် ၂၀၀၅ ခုနှစ်တွင် ၇ဒသမ၃ သန်း၊ ၂၀၀၈ ခုနှစ်တွင် ၂၁ သန်းနှင့် ၂၀၁၀ ခုနှစ်တွင် ၂၅ သန်းထိ ထူးခြားစွာ မြင့်တက်လာရန် အလားအလာရှိကြောင်း မျှော်မှန်းထားသည်။

အရှေ့တောင်အာရှတွင် ဗီယက်နမ်နိုင်ငံ၏ လက်ကိုင်ဖုန်းဈေးကွက်သည် တိုးတက်မှုနှုန်း အမြင့်ဆုံးဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံ လူငယ်သတင်းစာက ကြာသပတေးနေ့သတင်းတွင် ရေးသား ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် မအီဒေသဖွံ့ဖြိုးရေးလှည့်လည်စစ်ဆေး သံသမချောင်တံတားနှင့်ဝမ်ပိုက်တံတား တည်ဆောက်မှုလုပ်ငန်းများကြည့်ရှု

ရန်ကုန် မေ ၁၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်သည် မေ ၁၄ရက် မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့နယ် မအီမြို့အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံရာ ရှေးဦးစွာ မအီမြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဆင့်က မြို့နယ်ဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

သောက်သုံးရေကန်

ထို့နောက် တိုင်းမှူးကတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး မအီမြို့အစည်းအဝေးခန်းမ အသစ်တည်ဆောက်မည့် မြေနေရာရွေးချယ်ထားရှိမှုနှင့် မြို့သောက်သုံးရေကန်တူးဖော်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မအီမြို့ ရုပ်မြင်သံကြားထပ်ဆင့်အသံလွှင့်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းခွင်နှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်း တည်ဆောက်ပြီးစီးနေမှု၊ မအီမြို့ဖြတ်လမ်းသစ်ဖောက်လုပ်မည့် မြေနေရာတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များမှာကြားသည်။

သံသမချောင်တံတား

ယင်းနောက် တိုင်းမှူးသည် မအီ–ကျောက်ဖြူလမ်းပိုင်းရှိ သံသမချောင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာမှူး ဦးမြင့်လွင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးကလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး၍ မော်တော်ယာဉ်ဖြင့် တံတားပေါ်မှ စမ်းသပ်ဖြတ်သန်းကြည့်ရှုသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ တိုင်းမှူးသည် သဇင်တန်ပေါက်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကာတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူး ဦးမြင့်ဦး၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝမ်ပိုက်တံတား

ဆက်လက်၍တိုင်းမှူးသည် သဇင်ပေါက်–ဝမ်ပိုက် လမ်းပိုင်းအတိုင်းထွက်ခွာ၍ဝမ်ပိုက်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးသည် မအီမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းကျန်းမာရေး ဟောပြောမှုနှင့် ဆေးကုသမှုအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှကအသင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြား၍ အဖွဲ့ဝင်များနှင့် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ပညာပေးဟောပြောကြသည်။

ထို့နောက် မအီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေတင်ကမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရာသက်ပန်အဆိုပြုလွှာကို ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှထံ ပေးအပ်သည်။

ယင်းနောက်တိုင်းမှူးသည် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအားဆေးကုသနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စိန်ထွား ဌာနတွင်း အရာရှိများမွမ်းမံသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(လဝက)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား သင်တန်းဆင်းပွဲတက်ရောက်

ရန်ကုန် မေ ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာနသင်တန်းခန်းမ၌ကျင်းပသော ဌာနတွင်းအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး သင်တန်းတွင် ဆုရရှိသူများနှင့် သင်တန်းနည်းပြများအား ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ဆုများနှင့် ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်သည်။

(သတင်းစဉ်)

အခြေခံဝန်ထမ်းလောင်းနှင့် အကြိုဝန်ထမ်းလောင်း သင်တန်းများဖွင့်

ရန်ကုန် မေ ၁၇

အခြေခံဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၆၉)နှင့် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ကျင်းပရာ ဇဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနစုမှူးများ၊ကထိကများ၊လက်ထောက်ကထိကများ၊ သင်တန်းနည်းပြများနှင့် အခြေခံဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၆၉)မှ သင်တန်းသား၊ သင်တန်းသူ ၁၁၆ဦးနှင့် အကြိုဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၉)မှ သင်တန်းသား၊ သင်တန်းသူ ၁၉၂ဦး စုစုပေါင်း ၃၀၈ဦးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Tran Van Tung သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ မြို့တော်ဝန်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ (၁၉)

ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံကျင်းပရေးကော်မတီနှင့် (၇)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန် ညီလာခံကျင်းပရေး ကော်မတီတို့သည် ဆေးကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မေ ၂၁ ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မိုးဆမ်းပန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ တွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းလှမောင်ကြီး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သီတာအောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၅–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ကျန်းမာရေးအတွက် သန့်(၄)သန့်
၇:၂၀	ပြည်တွင်းသတင်းအကျဉ်း
၇:၂၅	ကြံ့မှသကြား ပြည့်စီးပွား
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	လေငန်းရောဂါအား တိုင်းရင်းဆေးဖြင့်ကုသခြင်း
၇:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	UEFA Stories Euro 1972
၈:၃၀	မိုးလေဝသခန့်မှန်းချက်
၈:၃၅	လိုင်စင်
၈:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၀	လိုက်နာကြပါ
၈:၅၅	ပြည်တွင်းသတင်းအကျဉ်း
၉:၀၀	မေးကြည့်ဖြေကြည့် ပဟေဠိ
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	သူ့ဘဝ သူ့အနုပညာ
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	ကြက်လည်လိမ်ကာကွယ်ဆေးထုတ်လုပ်ပေး
၁၀:၃၅	ကော်ဖီခါးခါးရဲ့အလှည့်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ် အမြှုတေတည်ရာ အမိမြေကို သိကြားစေသက်သေညွှန်းလိုက်ပါသည်

ခိုင်းသီဟ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီက ၂၂-၄-၂၀၀၅ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ အမှတ်စဉ် (၃/၂၀၀၅)ကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအမှူးပြုသော တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း၊ ပြည်ပသတင်း မီဒီယာလောကမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းရှိ စာနယ်ဇင်းများမှ တာဝန်ခံအယ်ဒီတာများနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲ၏ အဓိကအကြောင်းရင်းမှာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အလွန်အန္တရာယ်ကြီးမားသည့် လုပ်ရပ်ကို ပဒေသရာဇ်ဉာဉ်စွဲမပြတ်သည့် နယ်ချဲ့လက်ပါးစေ လူမျိုးရေး အမြင်ကျဉ်းဝါဒီ လက်တစ်ဆုပ်စာလူတစ်စုက ကျူးလွန်ခဲ့သည့် အမျိုးသားရေးသစ္စာဖောက် လှုပ်ရှားမှုကြီး (The Great Conspiracy) အကြောင်းကို ခရေစေ့တွင်းကျ ရှင်းလင်းတင်ပြသွားခြင်း ဖြစ်သည်။

မြန်မာတိုင်းရင်းသား ပြည်သူအပေါင်းတို့အတွက် မင်္ဂလာရက်မြတ် နှစ်ဆန်းကာလ ၁၇-၄-၂၀၀၅ ရက်နေ့တွင် စဝ်ခမ်ဖနှင့်အပေါင်းပါ ပြည်ပြေး ပုဆိန်ရိုးတစ်စုက ပြည်ပတစ်နေရာမှ ၎င်းတို့ကိုယ်ကို ၎င်းတို့ သူကောင်းပြုရာဇဘိသိက် ခံယူသွားကြခြင်းဖြစ်သည်။ မရှေးမနှောင်းဆိုသလို ၁၉-၄-၂၀၀၅ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက အဆိုပါပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုအား မတရားအသင်းအဖြစ် ကြေညာခဲ့သည်။ ဆင့်ပွား ဆက်တိုက်ဆိုသလိုပင် နိုင်ငံတော်အစိုးရနှင့် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ထားကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံး၊ ထုထည်အင်အား အကြီးမားဆုံး မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်အင်အားရှိ မျိုးဆက်သစ်တို့ စုစည်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့် အခြားလူမှုရေး အသင်းအဖွဲ့အားလုံးက မိမိတို့၏ ဆန္ဒသဘောထားများ ထုတ်ပြန်ကြေညာပြီး အဆိုပါ အမျိုးဘာသာသာသနာဖျက်အုပ်စုကို တုံ့ပြန်ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ ပို၍ ထူးခြားသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တရားဝင်နိုင်ငံရေးပါတီ ၁၀ ပါတီစလုံးကပါ ပြည်ပြေးစဝ်ခမ်ဖတို့၏ ပြည်ထောင်စုဖြိုခွဲရေးလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြခြင်းပင်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာ ဖြစ်စဉ်များ၏ အနှစ်သာရကို ကောက်ချက်ချရသော် မျိုးချစ်စိတ်ဓာတ်ရှိသူများ၊ ပြည်ထောင်စု စိတ်ဓာတ်ရှိသူများသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးလာပါက ဆတ်ဆတ်ထိမခံကြသည်ကို တွေ့မြင်နိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်ထောင်စု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော မျိုးချစ်စိတ်ဓာတ်များကသာ မှန်ကန်သည့် "ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်" ဖြစ်ကြောင်း ဖော်ညွှန်းနေပေသည်။

> **"နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားသည်သာပဓာန" ဟူသော ပြဋ္ဌာန်းချက်ဖြင့် တပ်မတော်အစိုးရ၏ ဆံခြည်တစ်မျှင်မျှ မတိမ်းမယိမ်းသောခံယူချက်၊ သဘောထားရပ်တည်ချက်ကို ခိုင်မာပြတ်သားစွာ ရှင်းလင်းတင်ပြသွားခြင်းဖြစ်သဖြင့် တိုင်းရင်းသား ပြည်သူအပေါင်းကလည်း နှစ်ထောင်းအားရ ကြိုဆိုလက်ခံခဲ့ကြသည်။**

၁၇-၄-၂၀၀၅ ရက်နေ့ ကာလသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းသည့် ရက်မြတ်ချိန်ခါမင်္ဂလာဖြစ်သည်။ အဆိုပါ ရက်မြတ်အချိန်အခါမင်္ဂလာတွင် စိတ်သစ်လူသစ် ဘဝသစ်ဖြင့် အပြုသဘောသို့ ချီတက်လှုပ်ရှားကြရမည်။ ဤနေ့ထူးနေ့မြတ်ကိုမှ တမင်ရွေး၍ ကိုလိုနီဝါဒ ဟောင်း၏ အမွေကိုဆက်ခံသော နယ်ချဲ့လက်သစ်ဆရာကြီးများ၏အလိုကျ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတို့က အမင်္ဂလာအမှု ပြုလိုက်သည်ဟု ဆိုရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ရှင်းလင်းတင်ပြချက်သည် ပုဂ္ဂလဓိဋ္ဌာန်နှင့် ဆန္ဒစွဲမပါ၊ အဂတိတရားကင်းကင်းရှင်းရှင်းဖြင့် သမိုင်းသက်သေတည်၍ ယထာဘူတအမြင်ကျသော သမိုင်းစဉ်ဝါဒရှုထောင့်မှ ရှင်းလင်းတင်ပြသွားခြင်းဖြစ်သည်။ **"နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားသည်သာပဓာန"** ဟူသော ပြဋ္ဌာန်းချက်ဖြင့် တပ်မတော်အစိုးရ၏ ဆံခြည်တစ်မျှင်မျှ မတိမ်းမယိမ်းသော ခံယူချက်၊ သဘောထားရပ်တည်ချက်ကို ခိုင်မာပြတ်သားစွာ ရှင်းလင်းတင်ပြသွားခြင်းဖြစ်သဖြင့် တိုင်းရင်းသား ပြည်သူအပေါင်းကလည်း နှစ်ထောင်းအားရ ကြိုဆိုလက်ခံခဲ့ကြသည်။

ယခုမှပေါ်လာသော ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုသည်လည်းကောင်း၊ ၎င်းတို့ထက်စော၍ နိုင်ငံတော်အား သစ္စာဖောက်ခဲ့ပြီးဖြစ်သည့် ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းပါတစ်စုတို့သည် လည်းကောင်း၊ ၎င်းတို့ထက်ရှေးကျသော ပြည်ပြေးကြီးများသည်လည်းကောင်း ကာလဒေသ ပယောဂအခြေအနေကိုလိုက်၍ အသွင်သဏ္ဌာန်များ မတူညီကြစေကာမူ အဖျက်အင်အားစုများ (Destructive Elements) ဖြစ်သည်ဟူသော အတွင်းသရုပ်တွင် တူညီနေကြကြောင်း တွေ့ရှိရမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အထည်ကြီးပျက်များ၏ဉာဉ်အတိုင်း တစ်ချိန်က ရွှေထီးဆောင်းခဲ့သည့်အတိတ်ကို လေ့နံ့ဓားထစ် တရားသေမှတ်ယူကာ ငါတကော ကောနေကြသူများဖြစ်ကြသည်။

ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတို့၏ အမျိုးသားသစ္စာဖောက်လုပ်ရပ်ကို တစ်ခဲနက်အုံကြွ၍ တုံ့ပြန်ဆန့်ကျင်ကန့်ကွက်သော၊ သဘောထားကြေညာချက် အသီးသီးကို ထုတ်ပြန်ခဲ့ကြသော အင်အားစုတို့သည် ပစ္စုပ္ပန် မြန်မာ့လူ့ဘောင်သမိုင်း၏ တည်ဆောက်ရေးအင်အားစု၊ ကာကွယ်ရေး အင်အားစု၊ အပြုအင်အားစု (Constructive Elements) များပင်ဖြစ်ပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားကသာ အရာရာကိုပြဋ္ဌာန်းသည်ဟူသော သဘောထားခံယူချက်ထားရှိသည့် အင်အားစုများပင်ဖြစ်သည်။ တစ်နိုင်ငံလုံးမှ အမျိုးသားအင်အားစုတစ်ရပ်လုံးဖြစ်သည်ဟုပင် ဆိုနိုင်သည်။ တစ်နည်းအားဖြင့် ခေတ်စကားအရပင်ပြောရလျှင် လူများစုဖြစ်၍၊ ရာနှုန်းပြည့်ဖြစ်၍ အများစု၏ သဘောဆန္ဒက အဖျက်အင်အားစု လက်တစ်ဆုပ်စာ၏ သဘောဆန္ဒကို လွှမ်းမိုးသဖြင့် ဒီမိုကရေစီနည်းလမ်းကျပေသည်။

ကျင်းပဆဲ အမျိုးသားညီလာခံ၏ ရရှိပြီးအရှိန်အဟုန်သည်လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်သွားခဲ့သည့် SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဦးအိုက်မုန်းဦးစီးသည့် ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ PSLN မှ တပ်ဖွဲ့ဝင်များ၏ တိုင်းပြည်နှင့် လူမျိုးအပေါ်ထားရှိသော ဖြူစင်သော မနောအလှတို့သည်လည်းကောင်း နှစ်သစ်ကို မင်္ဂလာအပေါင်းနှင့် ခညောင်းစေသော အပြုသဘောဆောင်သည့် တိုးတက်သော လူမှုရေးလှုပ်ရှားမှုများပင်ဖြစ်သည်။

အမှန်နှင့်အမှား၊ အပြုနှင့်အဖျက်၊ အလင်းနှင့်အမှောင်တို့၏ သဘာဝသည် ယင်းတို့၏ ဆက်ထုံးမှတ် (Nodal Point) သို့ ရောက်ရှိစမြဲပင်၊ အစဉ်ဒွန်တွဲ လွန်ဆွဲအားပြိုင်လေ့ရှိကြသည်။

မျက်မှောက်ကမ္ဘာသည် ကိုလိုနီလက်ဟောင်းဝါဒချုပ်ငြိမ်းသွားခဲ့ပြီဖြစ်သော်လည်း ယင်းဝါဒစနစ်ကို အသွင်သစ်တစ်မျိုးဖြင့် ဖော်ဆောင်လျက်ရှိသည့် ကိုလိုနီလက်သစ်တို့၏ ခြေရာလက်ရာမကင်းသော လုပ်နည်းလုပ်ဟန်တို့ဖြင့် ပျားပန်းခပ်လှုပ်ရှားနေသည့် ကာလဟုပင် တင်စားခေါ်ဆိုနိုင်ပေသည်။

ရှေးပဝေသဏီ နှစ်ပေါင်းထောင်နှင့်ချီ၍ အမိပြည်ထောင်စု၏ ဘူမိနက်သန်မြေတွင် အေးအတူပူအမျှ လက်တွဲမဖြုတ်ခဲ့ကြသည့် မြန်မာ့သမိုင်းသည် ၁၉၄၇ ခုနှစ် ပင်လုံ စာချုပ်ဖြင့် စည်းလုံးညီညွတ်မှု မှတ်တိုင်တစ်တိုင်ကို စိုက်ထူနိုင်ခဲ့သည်။ ပင်လုံစာချုပ်ကို တိုင်းရင်းသားသွေးချင်းသားချင်း ညီအစ်ကို မောင်နှမများက နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကြားမှ ခက်ခက်ခဲခဲ အားထုတ်ကြိုးပမ်းချုပ်ဆိုခဲ့ရကြောင်း အပြုအင်အားစုများက သဘောပေါက်နားလည်ထားကြသည်။

မစားရသည့်အမဲ သဲနှင့်ပက်လေ့ရှိသော နယ်ချဲ့တို့သည် ၎င်းတို့ကျွန်ပြုထားသော ကိုလိုနီပိုင်နက် နယ်မြေများကို "စားရမှာလည်း သဲနှင့်တရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနှင့် တဝင်းဝင်း" သဘောထားဖြင့် မတတ်သာ၍ လက်လွှတ်ခဲ့ရသည့်တိုင် သပ်လျှိုသွေးခွဲခဲ့ကြကြောင်း သမိုင်းသက်သေ အထင်အရှားရှိပေသည်။

ယခုအခါတွင် အဆိုပါ ကိုလိုနီနယ်ချဲ့တို့၏ မာယာထောင်ချောက်အတွင်းသို့ ပြည်ပြေးဇာတ်ပျက် အထည်ကြီးပျက်များက ခိုဝင်ဆည်းကပ်ကာ ပြည်ထောင်စုပြိုကွဲအောင် အစီအမံရှိရှိဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တိုင်းရင်းသားပြည်သူအပေါင်းက အစဉ်သတိပြု တွန်းလှန်ဖယ်ရှားသွားကြရမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအခြေခံသင်တန်း အမှတ်စဉ်(၁၉) ဖွင့်ပွဲကို မေ ၁၅ ရက်က အမှတ်(၂) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးနေဝင်းအဖွင့်အမှာစကားပြောကြားစဉ်။

(၂၉)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အမှုထမ်းအဆင့် အင်္ဂလိပ်စကားပြော ကျွမ်းကျင်မှုသင်တန်း(၁/၂၀၀၅)သင်တန်းဆင်းပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရုံးချုပ် ကွပ်ကဲခန်းမဆောင်၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာများနှင့် ဆရာကြီး KT ဦးတင့်လွင်နှင့် ဌာနခွဲအသီးသီးမှ ဌာနခွဲမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် အင်္ဂလိပ်စာ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပေးအပ်

အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက် လှိုင်မြစ်လမ်း ရွှေအုန်းပင် ချက်နို့ဆီလုပ်ငန်းမှ ကွယ်လွန်သူဖခင်ကြီး ဦးတင်ဝမ်း၊ မိခင်ကြီး ဒေါ်ပြုံးကြည်တို့အားရည်စူး၍ ကျန်ရစ်သူသားသမီးများက အင်းစိန်မြို့ မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ ပဉ္စမအကြိမ် အလှူငွေကျပ် သုံးသိန်း လာရောက်လှူဒါန်းရာ အသင်းတွဲဖက်ဘဏ္ဍာရေးမှူး(၂) ဦးစိုးမြင့်၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးလှသိန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီ အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အဖွင့်အမှာစကားပြောကြား

ရန်ကုန် မေ ၁၇

ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီ (၁/၂၀၀၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (ယာပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ယဉ်ကျေးမှုတက္ကသိုလ်များ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ မြန်မာ့သမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်၊ ဂီတပညာရှင် အကယ်ဒမီ ဂီတလုလင် ဦးကိုကို၊ စာရေးဆရာကြီး ဦးခင်အုံး (သုတေသီရာမညကိုကိုနိုင်)၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးသန့်စင် (ပန်းချီလှတင်ထွန်း)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးစန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသူများက တက္ကသိုလ်များ၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာကိစ္စရပ်တို့ကို အကြံပြုဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လာမည့်နှစ်တွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် ကျေးလက်ဒေသ စံပြအိမ်ရာများ ထပ်မံဆောက်လုပ်

ရန်ကုန် မေ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၁၆ရက် နံနက် ၈နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ စည်ပင်သာယာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဘဏ်လီမိတက်တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်နှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

အရှိန်အဟုန်မြှင့်တင်

ဝန်ကြီးက အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေး အဖွဲ့များသည် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်အနက် ကျေးလက်နှင့် မြို့ပြလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် နှစ်ကုန်အထိ ကျေးလက်နှင့် မြို့ပြလမ်း စုစုပေါင်း ၃၀၆၅၇မိုင် ခုနစ်ဖာလုံ၊ တံတားပေါင်း ၁၇၇၂၀စင်း ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် လာမည့်နှစ်တွင်လည်း အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်အနက် ဒုတိယလုပ်ငန်းစဉ်ဖြစ်သော ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး(၁၀)နှစ်စီမံကိန်းအရ ၂၀၀၀-၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အထိ ပြည်နယ်၊ တိုင်းအားလုံးရှိ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ရန် ကျေးရွာပေါင်း ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ ရွာ ဆောင်ရွက်ပြီး၍ ၆၂ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ တူးဖော်ပြီးသော စက်ရေတွင်းများကို ရေရှည်တည်တံ့ကောင်းမွန်အောင် အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ကြောင်း။

စံပြအိမ်ရာ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်မားရေးအတွက် ကျေးလက်ဒေသ စံပြအိမ်ရာများကို ရှေ့ပြေးစီမံကိန်းလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ရာ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အထိ အိမ်အလုံးရေ ၁၆၀၉လုံးကို နမူနာပြ ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ထပ်မံ၍လည်း အရှိန်အဟုန်မြှင့် ဆောက်လုပ်ပေးရမည်ဖြစ်ကြောင်း၊ မြို့ပြများ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို အမြဲလိုက်နာ ဆောင်ရွက်သွားလျှင် စိမ်းလန်းစိုပြည်သော ဥယျာဉ်မြို့တော်များ၊ သန့်ရှင်းသပ်ရပ်လှပသောမြို့များအဖြစ် တိုးတက်လာမှာဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေသောမြို့များကို အခြားမြို့များက နမူနာယူ၊ စံယူလောက်အောင် တီထွင်ကြံဆပြီး ကြိုးကြပ်ပေးရန်လိုအပ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းတိုင်းသည် ဒေသနေပြည်သူများ၏ အကျိုးပြုလုပ်ငန်းများ ဖြစ်သောကြောင့် ပြည်သူများ၏ အကျိုးဆောင်ရွက်ပေးသည်ကို ပြည်သူများ နားလည်သိရှိပြီး ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် လုပ်ငန်းစွမ်းရည်လည်း ပြသရန်လိုကြောင်းမှာကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေးအဖွဲ့များ၏ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စည်ပင်သာယာရေးဘဏ် လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ဘဏ်လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ၂၀၀၄-၂၀၀၅ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေးကြရာ စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုကလည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်ကလည်းကောင်း၊ မြို့ပြဆိုင်ရာအင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်ကလည်းကောင်း၊ ကျေးလက်ဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှကလည်းကောင်း၊ ဥပဒေအခွန်နှင့် စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က လည်းကောင်း ကဏ္ဍငါးရပ်ခွဲခြား၍ အသီးသီးပြန်လည်ဆွေးနွေးကြပြီး ညနေပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

မင်္ဂလာဗျူဟာအသင်းချုပ် သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၇

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၁၇)ကြိမ်မြောက် Course on Buddha Desana အခြေခံအဆင့်၊ အလယ်တန်းအဆင့်အား မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတွဲဖက်၍ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိဌာနမှူး တွဲဖက်ပါမောက္ခ ဆရာဦးလှမြင့်နှင့် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာတင်သိန်းလွင်တို့က မေ ၂၈ ရက်မှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂နာရီအထိ ဓမ္မဒါန သင်ကြားမည်ဖြစ်ရာ အင်္ဂလိပ်စာအခြေခံရှိသူတိုင်း တက်ရောက်နိုင်သည်ဟု သိရသည်။

(၂၃)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၇

လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှိုင်ကော်မြို့နယ်အတွင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ မေ ၁၀ရက်တွင် မင်းစုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကန္ဒရဝတီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ကန္ဒရဝတီ စာကြည့်တိုက်ကို လှိုင်ကော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနှင့် မင်းစုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းက အဖွင့်အမှာစကားပြောကြားပြီး လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်သန်းဦးက စာကြည့်တိုက်များရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ စာအုပ်များပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက မဂ္ဂဇင်းမျိုးစုံ ၈၇၉အုပ်နှင့် ဂျာနယ်မျိုးစုံ ၄၈၃စောင်တို့ကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက်(၁၉) ခေမာသီ (၁)လမ်း မိကျောင်းကန်အပိုင်း(၃) သဃ်န်းကျွန်းမြို့နယ်နေ ကွယ်လွန်သူ ဦးမင်းဒင်၊ ဒေါ်ခင်လှနွယ်တို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီးများက အလှူငွေ ကျပ်တစ်သိန်းကို ဖြစ်မြောက်ရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် သောက်ရေသန့်ဘူး ဒါနပြုနိုင်

ရန်ကုန် မေ ၁၇

၁၃၆၇ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၂၂ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်းက အသင်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်းခွဲ ငွေကျပ် ၁၇သိန်းကျော်ဖိုးကို တစ်နေကုန် စတုဒိသာ ဒါနပြုလှူဒါန်းမည် ဖြစ်သည်။ ရာသက်ပန် သောက်ရေသန့်ရေ ပဒေသာပင်တစ်ပင်လျှင် အနည်းဆုံး ငွေကျပ် တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၁၇၃၆၊ ၃၈၃၅၁၁ လိုင်းခွဲ(၁၇၁)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ဆရာတော်ပူဇော်ပွဲနှင့် ဓမ္မာရုံရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် စတုဘုမ္မိကမင်္ဂလာ ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုမာရ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)အား ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် သီရိမင်္ဂလာ အေးရိပ်သာဓမ္မာရုံကြီး ရေစက်ချပွဲ၊ ရှင်ပြုရဟန်းခံပွဲကို မေ ၂၂ ရက် နံနက် ၈နာရီ၌ ကျင်းပမည်ဖြစ်ရာ မေ ၂၁ရက် ည ၇နာရီမှစ၍ ဓမ္မကထိက ဗဟုဇနဟိတရေ သံတွဲဆရာတော် ဘဒ္ဒန္တ သုန္ဒရက နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်းအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၁၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E Mr. Lee Ju-Heum **သည် သံရုံးပထမအတွင်းဝန်** Mr. Hong, Sung-Wook **နှင့် အတူ ယမန်နေ့ညနေ ၄နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာများဖလှယ်ရေး ကိစ္စများနှင့်ပတ်သက်ပြီး ဆွေးနွေးကြသည်။** (အပေါ်ပုံ)

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

❀ **တိုင်းမှူးမှ**

ဆက်လက်၍ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးရှေ့ရှိ ကမ်းနားလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ဗဟန်းမြို့နယ်ဗဟန်း(၃)လမ်းအတွင်း လမ်းတစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

စနစ်တကျစွန့်ပစ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က မြို့နယ်၊ ရပ်ကွက် လမ်းများ အစဉ်သန့်ရှင်းစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းကြရန်၊ အမှိုက်များ စနစ်တကျ သိမ်းဆည်းစွန့်ပစ်ကြရန်နှင့် လမ်းများ အရည်အသွေး စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

✡ **ကျောဖုံးမှ**

ဝန်ကြီးသည် ဂုန်လျှော်မှ ဂုန်နီအိတ်ဖြစ်သည်အထိ လုပ်ငန်းအဆင့်ဆင့်ဖြစ်သော လျှော်စပ်၊ လျှော်ပြင်၊ ချည်ငင်၊ ချည်ရစ်၊ လိပ်တုံးအချောကိုင်လုပ်ငန်းနှင့် ဂုန်နီအိတ်ချုပ်လုပ်ငန်း၊ အရည်အသွေးစစ်ဆေးမှု လုပ်ငန်းတို့ကိုလည်းကောင်း၊ စက်ရုံမှ တီထွင်ထုတ်လုပ်သော စက်အရန်ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် လုပ်ငန်းတာဝန်ခံများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် စက်ရုံမှူးက နှစ်အလိုက် ကုန်ထုတ်မှုကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စက်စွမ်းအားပြည့်

ဆက်လက်၍ ဝန်ကြီးက စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ထုတ်လုပ်ရေး၊ စံချိန်မီထုတ်ကုန်များ ထုတ်လုပ်ရေး၊ ဈေးကွက်တွင် ဝယ်ယူသူစိတ်ကြိုက် အရည်အသွေးဖြစ်ရေး၊ ကုန်ကြမ်းဂုန်လျှော်သီးနှံစိုက်ပျိုးမှုနှင့် ဂုန်နီစက်ရုံကုန်ထုတ်လုပ်မှု ဆက်စပ်ညှိနှိုင်းစီမံဆောင်ရွက်ရေး မှာကြားသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာတွင် သီးနှံစိုက်ပျိုးရေရရှိရေး ဆောင်ရွက်မည့် ကျုံစုတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ပင်မမြောင်းတူးဖော်မှု၊ လက်ခွဲမြောင်းများ ပြုလုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုများမှ ပြီးစီးသောအပိုင်းနှင့် ဆက်လက်ဆောင်ရွက်မှုများကို အကျိုးပြုဧက ၈၀၀၀ ရေသောက်ဒေသမြေပုံနှင့် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေ၊ မအူပင်နှင့် ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များနှင့် ရေပေးမည့်အစီအစဉ်၊ ရေပေးမြောင်းများ ဖောက်လုပ်မှု၊ သီးနှံစိုက်ပျိုးမှုတို့ကို ဆွေးနွေးညှိနှိုင်းသည်။

မအူပင်စက္ကူစက်ရုံ

ဆက်လက်၍ ဝန်ကြီးသည် မအူပင်မြို့နယ် ပန်တပွတ်ကျေးရွာအနီးရှိ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင်စက္ကူစက်ရုံသို့ရောက်ရှိပြီး စက္ကူစက်ရုံလည်ပတ်ကုန်ထုတ်လုပ်မှုများ၊ ဂုန်လျှော်ပင်ဖြတ်စက်ဖြင့် ဖြတ်စငယ်ဖြတ်မှု၊ ပျော့ဖတ်သန့်စင်ဌာန ပျော့ဖတ်ပြုလုပ်မှု၊ စက္ကူစက်ရုံမှ စာရေးစက္ကူနှစ်ဖက်ချောနှင့် အော့ဖ်ဆက်စက္ကူများ ထုတ်လုပ်မှု၊ စက္ကူထုပ်များ အရည်အသွေးစံချိန်စံညွှန်းစစ်ဆေးမှုနှင့် သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် စက်ရုံမှူးက ဂုန်လျှော်ပင်မှ တန်ဖိုးမြင့်ပစ္စည်းအဖြစ် စက္ကူထုတ်လုပ်မှုကို တစ်နှစ်လျှင် မက်ထရစ်တန် ၅၀၀၀ ထုတ်လုပ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချမှု၊ စက်ရုံကုန်ထုတ်စွမ်းအား တိုးတက်အောင်ဆောင်ရွက်မည့် အစီအစဉ်များ၊ China Yunnan Corporationနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ စံချိန်မီ အရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်တိုးချဲ့ရေး မှာကြားသည်။

တီထွင်ထုတ်လုပ်မှု

ယင်းနောက် ဝန်ကြီးသည် မအူပင်မြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅) အလတ်စားအလုပ်ရုံသို့ ရောက်ရှိကြရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်မှုအလုပ်ရုံ၊ စက်ပြင်အလုပ်ရုံ၊ အကြီးစား၊ အလတ်စားအလုပ်ရုံများ၏ စက်ပစ္စည်းများနှင့် အရန်စက်ပစ္စည်းများထုတ်လုပ်မှု၊ တီထွင်စက်ကိရိယာများထုတ်လုပ်မှု၊ လယ်ယာ(၁၆) လက်တွန်းထွန်စက်မှ ကျေးလက်ဒေသသုံး သယ်ပို့ယာဉ်ထုတ်လုပ်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံနှင့် သုတေသနဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ကျေးလက်ဒေသသုံး သယ်ပို့ယာဉ်ကို မအူပင်ဒေသ လိုအပ်ချက်အရ ဦးစွာစတင်တီထွင်ခဲ့မှုနှင့် တီထွင်မှုအဆင့်ဆင့်ကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးသည် လယ်ယာ(၁၆)ထွန်စက်မှ ပြုပြင်ထားသော ဒေသသုံး သယ်ပို့ယာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

လူစီးကုန်တင်

လယ်ယာ(၁၆) လက်တွန်းထွန်စက်၏ ဂီယာနှင့် ရုပ်များ ဆက်သွယ်မှုပုံစံကို ပြုပြင်ပြောင်းလဲတပ်ဆင်၍ မြင်းကောင်ရေ(၁၆) အင်ဂျင်ဖြင့် လူစီးနှင့် ကုန်တင်တန်ချိန်နှစ်တန်ကို တစ်နာရီ ၁၈မိုင်နှုန်း မောင်းနှင်နိုင်သည်။ ယခုနှစ်တွင် အစီး ၂၀၀ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် သံရည်ကျိုအလုပ်ရုံတွင် စက်အရန်ပစ္စည်းများ ပုံသွင်းမှု၊ အချောကိုင်ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၁၅ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း အိမ်မဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် မြို့နယ်အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်လည်းကောင်း၊ ညပိုင်းတွင် မအူပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်ရုံးတွင် ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များနှင့်လည်းကောင်း တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ရည်မှန်းချက်ပန်းတိုင်မှာ နိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရေးဖြစ်ကြောင်း၊ ရည်မှန်းချက်ပန်းတိုင်အားရောက်အောင်ရအောင် ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားကြသူများ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှု၊ လက်တွေ့ကျသော အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် နိုင်ငံနှင့်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအချက်များဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အသင်းဝင်များအပါအဝင် နိုင်ငံသားတိုင်း ဦးထိပ်ပန်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

တွန်းလှန်ချေမှုန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် မိမိတို့နယ်မြေ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး အခြေခံလုပ်ငန်းတာဝန်ကြီး(၅)ရပ်အပါအဝင် အကျိုးပြုသော လုပ်ငန်းများတွင် နယ်မြေလူထုနှင့်လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နှောင့်ယှက်ဖျက်ဆီးသူမှန်သမျှကိုလည်း စုစည်းညီညွတ်သည့်အင်အား၊ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် တွန်းလှန်ချေမှုန်းသွားရေး မှာကြားသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနရှိ အစားအသောက် အဏုဇီဝ အရည်အသွေးထိန်း ဓာတ်ခွဲခန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

(ကျန်းမာရေး)

ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးဝါးကွပ်ကဲရေးဌာနများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ညွှန်ကြားရေးမှူးများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ဗိုင်းရပ်စ်ဌာနစိတ် အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဓာတ်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူအရာရှိများနှင့် တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၏ အရေးပါမှုကဏ္ဍ၊ ရောဂါရှာဖွေရေးဆိုင်ရာ အရေးပါသောကဏ္ဍများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ညွှန့်က ပြည်သူ့

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြားရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း အောင်မြင်မှုအထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနားကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၇

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်မြင်မှုအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့်ရေစက်ချမဟာမင်္ဂလာအခမ်းအနား ကျင်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၆နာရီခွဲတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ သတ္တုတွင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စည်ကားသိုက်မြိုက်စွာ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ငါးနှစ်တစ်ကြိမ် ရွှေစင်ရွှေပြားများ ကပ်လှူလျက်ရှိရာ ယခုနှစ်တွင် ရွှေစင်ရွှေပြား ရွှေသင်္ကန်းများ အောင်မြင်စွာကပ်လှူခဲ့ပြီးဖြစ်၍ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချမဟာမင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ထိုကဲ့သို့ကျင်းပရာတွင် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်ကြပြီး အများ ကြည်ညိုဖွယ်ရာဖြစ်အောင် ညှိနှိုင်း၊ပေါင်းစပ် စီစဉ်သွားကြရမှာ ဖြစ်ကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနား ကျင်းပမည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချ မဟာမင်္ဂလာအခမ်းအနားကျင်းပမည့် အခမ်းအနား အစီအစဉ် အသေးစိတ်ကိုလည်းကောင်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးသန့်ဇင်က အလှူငွေ ကောက်ခံရရှိမှုအခြေအနေနှင့် ရွှေစင်ရွှေပြား ကပ်လှူခဲ့မှုအခြေအနေကိုလည်းကောင်း၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ရေး အစီအစဉ်များကိုလည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးကြီးမြင့်က ရွှေစင်ရွှေပြား ကပ်လှူခြင်းလုပ်ငန်းများ အောင်မြင်ချောမွေ့အဆင်ပြေစွာ ဆောင်ရွက်ခဲ့မှု အခြေအနေကိုလည်းကောင်းရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများကအထွေထွေကိစ္စရပ်များကို ရှင်းလင်းတင် ပြကြပြီး တင်ပြချက်များအပေါ် ရွှေတိဂုံစေတီတော်ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ည၇နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း အောင်မြင်မှုအထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနား ကျင်းပရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ညွှန်ကြားရေးမှူးများနှင့် ပါမောက္ခများက မိမိတို့ဌာနအလိုက် ဓာတ်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗိုင်းရပ်စ်ဌာန ဇီဝလုံခြုံရေးဓာတ်ခွဲခန်း အဆင့်(၃) ပြင်ဆင်ထားရှိမှုနှင့် ခေတ်မီစက်ပစ္စည်းကိရိယာများ အသုံးပြုမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တီဘီဓာတ်ခွဲခန်း၊ အဏုဇီဝ အဆိပ်သင့်မှုဆိုင်ရာ ဓာတ်ခွဲဌာန၊ စာကြည့်တိုက်၊ ဗက်တီးရီးယားဗေဒဌာန၊ မူးယစ်ဓာတ်ခွဲခန်း၊ ရောဂါရှာဖွေရေးဌာန၊ ဇီဝဓာတုဗေဒဓာတ်ခွဲခန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြတ်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနအနေဖြင့် ပြည်သူလူထုအန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေးပြည့်မီသောအစားအသောက် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ ဆေးပစ္စည်းများကို သေချာစွာစစ်ဆေးပေးသည့်ဌာနဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ပြည်သူလူထုအကျိုးအတွက်ဌာနခွဲများ ဖွင့်လှစ်ဆောင်ရွက်ထားရှိရန် ကြိုးစားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆေးဝါးအန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေးထိန်းသိမ်းရေး ဓာတ်ခွဲဌာနခွဲ၏ ဓာတ်ခွဲခန်း၊ဆေးဘက်ဆိုင်ရာပစ္စည်းအရည် အသွေးစိစစ်ရေး ဓာတ်ခွဲခန်း၊ ဇီဝစံဓာတ်ခွဲခန်း၊ ဆေးဝါး ဓာတုဗေဒဓာတ်ခွဲခန်း၊အစားအသောက် ဓာတုအရည်အသွေးထိန်းဓာတ်ခွဲခန်း၊ အစား အသောက် အဏုဇီဝအရည်အသွေးထိန်းဓာတ်ခွဲခန်း၊ ဇီဝနှင့်ဓာတု အန္တရာယ်ကင်းစင်မှု စိစစ်ရေးအစားအသောက် ဓာတ်ခွဲခန်းများရှိ ခေတ်မီ ဓာတ်ခွဲ စက်ပစ္စည်း ကိရိယာများ အသုံးပြုမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် မြောင်းမြမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ဧရာဝတီတိုင်းအတွင်း ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ရက်တွင် ဧရာဝတီတိုင်း ရွှေလောင်းမြို့၊ ဝါးခယ်မမြို့၊ ကျုံမငေးမြို့နှင့် မြောင်းမြမြို့တို့သို့ ရောက်ရှိပြီး အဆိုပါမြို့များရှိ လက်လှည့် မဂ္ဂနက်တိုအိတ်ချိန်း၊ အော်တိုအိတ်ချိန်း၊ မိုက္ကရိုဝေ့ဗ်စခန်းများနှင့် အော်တိုအိတ်ချိန်းသစ်တည်ဆောက်မည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုအိတ်ချိန်းများ တည်ဆောက်ရေးတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဝါးခယ်မမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့လည်း ဝင်ရောက်ပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် မေ၁၅ရက်တွင် လပွတ္တာမြို့၊ ကျောင်းကုန်းမြို့၊ ပန်းတနော်မြို့နှင့် ညောင်တုန်းမြို့တို့ရှိ အော်တိုအိတ်ချိန်း၊ လက်လှည့်မဂ္ဂနက်တိုအိတ်ချိန်းနှင့် မိုက္ကရိုဝေ့ဗ်စခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ဝင်ရောက် ကြည့်ရှုခဲ့သည်။ (သတင်းစဉ်)

သာသာယာယာ

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲ

ရန်ကုန် မေ ၁၇

အင်းစိန်မြို့နယ် တောင်သုကုန်းရပ်ကွက် ဘိုကုန်းဇေယျာသိဒ္ဓိ (မဟာသံ့သာရ ဘုရားကျောင်း)၌ သီတင်းသုံးလျက်ရှိသော မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲကို မေ ၂၂ရက် (ကဆုန်လပြည့်နေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာပါဠိရမိရှင်များ မေ ၂၁ရက်(စနေနေ့) ညနေ ၄ နာရီမှစ၍ ကြွရောက် ကြည်ညိုလှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၅-၂၀၀၅

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈း၀၅ ၆။ အတီးပြိုင်ပွဲ

၈း၁၅ ၇။ ဖြူးချောင်းတံတား

၈း၃၀ ၈။ International News.

၈း၄၅ ၉။ Let's Go.

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ **Practice in Reading.**

၄း၄၅ ၄။ တေးဂီတအစီအစဉ်

၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၅း၃၀ ၇။ သီချင်းကြီးပဒေသာ

၅း၄၅ ၈။ မြန်မာစာ၊ မြန်မာစကား

၆း၀၀ ၉။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်" (အကယ်ဒမီဇင်ဝိုင်း၊အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**

၆း၀၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၆း၂၀ ၁၁။ Discovery.

၆း၃၀ ၁၂။ ညနေခင်းသတင်း

၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၄။ **လူငယ်တွေ့ဆုံပွဲနှင့် နှီးနှောဖလှယ်ပွဲ (ပုဂံ)**

၇း၂၀ ၁၅။ တေးဂီတအစီအစဉ်

၇း၃၀ ၁၆။ တိုင်းဆုပြည်ဖျက်လုပ်ရပ်အားဆန့်ကျင်ရှုတ်ချပွဲ (ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့)

၈း၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ) (ပထမပိုင်း) (ဒုတိယဆု) (ရန်ကုန်တိုင်း)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

ဝေဠုဝန်သာသနာပိုင် ဆရာတော်ကြီးအား ချီးကျူးပူဇော်ပွဲ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ကြည်ညို

ရန်ကုန်　မေ　၁၇

ဧရာဝတီတိုင်း ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဝေဠုဝန်နိကာယဂဏာဓိပတိ သာသနာပိုင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသအား ချီးကျူးပူဇော်ပွဲကို မေ ၁၅ ရက် ညနေ ၃ နာရီတွင် ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်ရင်ပြင်ရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်း၌ကျင်းပရာ အခမ်းအနားသို့ တိုင်းသံဃနာယကဉက္ကဋ္ဌ၊ ပူဇော်ပွဲကျင်းပရေး ဩဝါဒါစရိယဆရာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဝတ်အသင်းများ တက်ရောက်ကြည်ညိုကြသည်။

ဖတ်ကြားပူဇော်

အစီအစဉ်အရ ဝေဠုဝန်နိကာယဂဏာဓိပတိ(သာသနာပိုင်) ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသအား ပူဇာသနပလ္လင်တော်ထက်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်တော်မူပြီး အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ ကျင်းပရေး ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်က အခမ်းအနားဖွင့်ဂါထာဖြင့် ဖတ်ကြားပူဇော်သည်။

ကိုးပါးသီလခံယူ

ယင်းနောက် သာသနာပိုင်ဆရာတော်ကြီးထံမှ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ဗဟိုသံဃာ့ဝန်ဆောင် ရတနာအုဋ္ဌကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနန္ဒမာလာက ဖတ်ကြားပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က သာသနာပိုင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒုတိယတိုင်းမှူးနှင့် အလှူရှင်များက ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ သာသနာပိုင် ဆရာတော်ကြီးက ဗုဒ္ဓပူဇာအဖြစ် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်တစ်ဆူအား ပြန်လည်ချီးမြှင့်ရာ တိုင်းမှူးက လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လက်ထောက်ကျန်းမာရေးမှူးအသင်း သတ္တမအကြိမ် ညီလာခံကျင်းပမည်

ရန်ကုန်　မေ　၁၇

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း၏ သတ္တမအကြိမ် ညီလာခံကို ၂၀၀၅ခုနှစ် ဇွန် ၆ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူများထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ပြီးဖြစ်ရာ ဇွန် ၅ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကျန်းမာရေးဝန်ထမ်းကျောင်းရှိ ဗဟိုဦးစီးကော်မတီရုံးသို့ သတင်းပို့ဆက်သွယ်ရမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဉက္ကဋ္ဌ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက် (MCC) က ရေးဆွဲထုတ်လုပ်ထားရှိသော ကွန်ပျူတာစနစ်များအား ဌာနအသီးသီးတွင် အသုံးပြုလျက်ရှိသူများနှင့် တွေ့ဆုံပွဲ၊နည်းပညာဖလှယ်ပွဲနှင့် ကွန်ပျူတာစနစ်အသစ်များ မိတ်ဆက်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်(MCC)၏ ကွန်ပျူတာစနစ်အသစ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန်　မေ　၁၇

မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက် (MCC) က ရေးဆွဲထုတ်လုပ်ထားရှိသော ကွန်ပျူတာစနစ်များကို ဌာနအသီးသီးတွင် အသုံးပြုလျက်ရှိသူများနှင့် တွေ့ဆုံပွဲ၊ နည်းပညာဖလှယ်ပွဲနှင့် ကွန်ပျူတာစနစ်အသစ်များ မိတ်ဆက်ပွဲ (User Conference 2005) ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force) ဉက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများအောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ ကွန်ပျူတာအသုံးပြုသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဉက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြား သည်။

ထို့နောက် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက် (MCC) ဉက္ကဋ္ဌ ဦးတင်ဝင်းအောင်က မိတ်ဆက်အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဉက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သို့ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့အတွက် Executive Support System (ESS Dash Board) တစ်စုံစီနှင့် ESS Dash Board အသုံးပြုနိုင်ရန်အတွက် Tablet PC တစ်လုံးကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူသို့ MCC က တီထွင်ထားသော ၂၀ဦး အသုံးပြုနိုင်သည့် Content Management System (CMS) စနစ်ကိုလည်းကောင်း MCCအဖွဲ့ဝင် News Link Co., Ltd. အမှုဆောင်အရာရှိချုပ် ဦးပြည့်စုံက ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ Senior Business Mr. Kenneth Tay က SSA Global on Trend of Enterprise Computingကိုလည်းကောင်း၊ MCC အဖွဲ့ဝင် News Link Co., Ltd. အမှုဆောင်အရာရှိချုပ် ဦးပြည့်စုံက "g-MIS Version 2.5" ကို လည်းကောင်း၊ MCC အဖွဲ့ဝင်များဖြစ်ကြသော SoftSys အမှုဆောင်အရာရှိချုပ် ဦးအောင်စိုးလင်းနှင့် News Link Co., Ltd. အမှုဆောင်အရာရှိချုပ် ဦးပြည့်စုံတို့က " MCC e-Solution: Comprehensive and easiest way to Government Informatization"ကို လည်းကောင်း၊ MCCအမှုဆောင်အရာရှိချုပ် ဒေါ်ချောခင်ခင်က " MCC Premium Comprehensive Customer Service Program " ကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် MCCက ၂၀၀၄ ခုနှစ်တွင် အစိုးရဌာနများအတွက် ထုတ်လုပ်ထားသည့် g-MIS၊g-ERP နှင့် g-COM ကွန်ပျူတာစနစ်များ ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် အစိုးရဌာနများအတွက် ထုတ်လုပ်ထားသည့် DMS ၊ CMS ၊ KMS ကွန်ပျူတာစနစ်များနှင့် မိမိအဖွဲ့အစည်း၏ ဖြစ်ပျက်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် သိရှိရန်လိုအပ်သည့် အဆင့်မြင့် အရာရှိကြီးများအတွက် တီထွင်ထုတ်လုပ်ထားသည့် Executive Dash Board စနစ် အကြောင်းကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

ထပ်မံသတင်းရရှိ

ရန်ကုန်　မေ　၁၇

၉-၅-၂၀၀၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅)တွင် ဖော်ပြခဲ့သော ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည့် သတင်းတွင် ဆောင်ပုဒ်မှာ စိမ်းလန်းသာယာ မြို့များစွာ၊ ကမ္ဘာ့အတွက်စီမံချက် (Green Cities: Plan for the Planet!) ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထပ်မံသတင်းရရှိသည်။

(သတင်းစဉ်)

မိုးဦးကျနှင့် မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင်အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်-

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုပ်ကောင်ရောဂါများ။

(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ-

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး စသည့် သစ်သီးဝလံများ၏အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း။

(ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။

(ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့်ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း။

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း။

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း။

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း။

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အမှည့်လွန်အသီးများကိုစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ။ လိုက်နာကျင့်သုံးပါ။

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာ ဆောင်ရွက်ပါ။

(စ) ရေကို ကျိုချက်၍သောက်ပါ။

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။

(ဇ) ရာသီဥတု၊ အပူအအေးအပြောင်းအလဲကို သတိရှိပါ။

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ။

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသစစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ချင်းပြည်နယ် ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၇

ချင်းပြည်နယ် ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၁ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်တို့၏ မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားပြီး ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၅ ခုနှစ် ရည်မှန်းချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အားကစားလေ့ကျင့်မှုများ ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ရောက်ရှိပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၇ရက်မှ ဒီဇင်ဘာ ၅ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ရေကူးအားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် မျိုးဆက်သစ်ဒိုင်ဗင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားပေးစကားပြောကြား

ဆက်လက်၍ အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသော ပဏာမလက်ရွေးစင် ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရွေးချယ်လေ့ကျင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စိတ်ဓာတ်မြင့်မြင့်မားမားဖြင့် စည်းကမ်းကို လိုက်နာ၍ ပြင်းပြင်းထန်ထန် လေ့ကျင့်သွားကြရန် အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းရှိ ပဏာမလက်ရွေးစင် စားပွဲတင်တင်းနစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုကြည့်ရှုအားပေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လေ့ကျင့်မှု အခြေအနေများကို တင်ပြကြပြီး ဝန်ကြီးက နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အတွက် ပြင်းပြင်းထန်ထန်ကြိုးစားလေ့ကျင့်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား တရုတ်သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Jinjun နှင့် အဖွဲ့သည် ယနေ့ညနေ၄နာရီခွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဧည့်ခန်းသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို မေ ၁၆ရက် နံနက် ၈နာရီတွင် မိတ္ထီလာမြို့ ရှမ်းတဲလေကြောင်းအတတ်သင် လေတပ်စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင် တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ် ပေးသည်။

အဆိုပါပြိုင်ပွဲသို့ မိတ္ထီလာတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်မောင်၊ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင် လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ်စခန်းတို့မှ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြပြီး ကွင်းဖွင့်ပွဲအဖြစ် မြေပြင်အတတ်သင်လေတပ်စခန်းနှင့် နမ့်စန်တပ်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရောဝတီတိုင်းအသင်း ဗိုလ်လုပွဲတက်

ရန်ကုန် မေ ၁၇

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၅ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

မေ ၁၈ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

၂၀၀၅ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ အသက် (၂၀)နှစ်နှင့်အောက် လူငယ်ပြိုင်ပွဲတွင် ပထမဆုရ သီလအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်း မေ၁၅ရက်က ဆုချီးမြှင့်စဉ်။ (အား/ကာ)

ပရီမီယာလိဂ် အပြီးသတ်ပွဲစဉ်များ ဆက်လက်ကျင်းပ ၂၇နှစ်တိုင်ရပ်တည်ခဲ့သော ဆောက်သမ်တန် တန်းဆင်း

လန်ဒန် မေ ၁၇

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ ၂၀၀၄–၂၀၀၅ ဘောလုံးရာသီ အပြီးသတ်ပွဲစဉ်များကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာ ဘာမင်ဂမ်အသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဘော်လ်တန်အသင်းက အဲဗာတန်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းက နော်ဝစ်ချ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ လီဗာပူးအသင်းက အက်စတွန်ဗီလာအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ မန်ချက်စတာယူနိုက်တက်အသင်းက ဆောက်သမ်တန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဝက်စ်ဘရွန်းအသင်းက ပို့စ်မောက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ချာလ်တန်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းမှာမူ နှစ်ဂိုးစီ သရေကျခဲ့ကြသည်။ မန်ချက်စတာစီးတီးနှင့် မစ်ဒယ်ဘရော့တို့မှာ တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသကဲ့သို့ တော့တင်ဟမ်နှင့် ဘလက်ဘန်းအသင်းတို့မှာလည်း ဂိုးမရှိ သရေကျခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက်–ဆောက်သမ်တန်

အင်္ဂလိပ်ပရီမီယာလိဂ်တွင် ၂၇နှစ်တိုင်တိုင် ရပ်တည်နိုင်ခဲ့သော ဆောက်သမ်တန်အသင်းသည် တနင်္ဂနွေနေ့က ကျင်းပသောပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် တန်းဆင်းဇုန်သို့ ရောက်ရှိသွားပြီဖြစ်သည်။

ကိုယ့်ဂိုးကိုယ်သွင်း

ဆောက်သမ်တန်အသင်းသည် ပွဲစတင်ပြီး မကြာမီမှာပင် ရလဒ်ကောင်း ရရှိခဲ့သည်။ ပွဲချိန် ၁၀မိနစ်တွင် ဆောက်သမ်တန်အသင်းမှ လီဆောရပ်စ်က ထောင့်ကန်ဘောကန်သွင်းရာ မန်ချက်စတာယူနိုက်တက်အသင်းမှ နောက်ခံလူ ဂျွန်အိုရှီးယားက ဖျက်ထုတ်ရန် ကြိုးပမ်းရာမှ ၎င်း၏ ပေါင်နှင့် ဘောလုံးထိကာ ကိုယ့်ဂိုးကိုယ်သွင်းခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် တစ်ဂိုးပေးလိုက်ရပြီးနောက် ချေပဂိုးပြန်သွင်းနိုင်ရန် လျင်မြန်စွာ တုံ့ပြန်ကစားလာသည်။ ပွဲချိန် ၁၈မိနစ်တွင် အိုရှီးယားက ဘယ်တောင်ပံမှ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ပိုင်နယ်တီဧရိယာအလယ်မှ ဒါရန်ဖလက်ချာက ခေါင်းတိုက်သွင်းယူကာ မန်ချက်စတာယူနိုက်တက်အသင်း ချေပဂိုးရရှိခဲ့သည်။

ပွဲချိန် ၆၃မိနစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ အလန်စမစ် ချပေးလိုက်သည့် ဘောလုံးကို နစ္စတယ်လ်ရွိုင်းက ခေါင်းတိုက်သွင်း အနိုင်ဂိုးရသည်။

ဆောက်သမ်တန်အသင်းနည်းတူ တန်းဆင်းရသည့် အခြားနှစ်သင်းမှာ ခရစ္စတယ်လ်ပဲလေ့စ်နှင့် နော်ဝစ်ချ်အသင်းတို့ ဖြစ်ကြသည်။ ဝက်စ်ဘရွန်းအသင်းမှာမူ ပရီမီယာလိဂ်တွင် ဆက်လက်ရှင်သန်ခွင့်ရရှိမည်ဖြစ်သည်။ ***ရိုက်တာ။***

မေ ၁၅ ရက်က အင်္ဂလန်နိုင်ငံ ဆောက်သမ်တန်ရှိ စိန့်မေရီအားကစားကွင်းတွင် ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဆောက်သမ်တန်အသင်းမှ ဟင်နရီကမ်မရာ၏ ကန်သွင်းချက်ကို မန်ချက်စတာယူနိုက်တက်အသင်းမှ ဂိုးသမား ရွိုင်ကာရိုးလ် ကာကွယ်စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက် ၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။ (လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၏ မွေးနေ့အလှူတော်မင်္ဂလာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဦးစီးပဓာန မဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D)၏ မွေးနေ့အလှူတော် မင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် သိရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပသည်။

ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် အရှင်သူမြတ်များ၊ သီလရှင် ဆရာကြီး ဆရာလေးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်က သြဝါဒကထာ ချီးမြှင့်တော်မူပြီး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် တိုက်အုပ် နာယက မဟာဂန္ထဝါစက ပဏ္ဍိတ အရှင်ကဝိဓဇက အပူဇော်ခံ အရှင်မြတ်များ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ဖတ်ကြားလျှောက်ထားတော်မူသည်။

ယင်းနောက် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ သီတဂူ ကြယ်တစ်ပွင့် အရှင်ပညာနန္ဒက မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင်ဉာဏိဿရနှင့် ဝိသိဋ္ဌဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်ပညာဝံသာလင်္ကာရ(ဒွိပိဋကဓရ)တို့အား အင်္ဂုတ္တိုရ်ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသ ရေးသားအပ်သော ဂါထာတော်များဖြင့် ရွတ်ဖတ်ဂုဏ်ပြု ပူဇော်တော်မူသည်။

ထို့နောက် ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဦးစီးပဓာန မဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် ဥယျာဉ်ခြံသီးနှံများ တိုးတက်ထုတ်လုပ် အရည်အသွေးကောင်း၍ ထွက်နှုန်းမြင့် သီးနှံမျိုးသစ်များ သုတေသနပြု

ရန်ကုန် မေ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၁၂ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကံဘဲ့လမ်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်းမန်နေဂျာများ၊ ရုံးချုပ်ရှိ ဌာနခွဲအသီးသီးမှ တာဝန်ရှိသူများ၊ စိုက်ကွင်းမန်နေဂျာများနှင့် ခြံမန်နေဂျာများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့၏နိုင်ငံတော်သည် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေမည့် အခြေခံကောင်းနိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် အစီအစဉ်ရှိရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသား အများစုသည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူ အများစုသည်လည်း စိုက်ပျိုးရေးဖြင့် အသက်မွေးကြသူများ ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာအောင် စီမံဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှု စီးပွားရေးဘဝ မြင့်မားလာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးဘဝ မြင့်မားတိုးတက်စေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းသည် အခြေခံကျသည့် လုပ်ငန်းကြီးဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေး၊ လယ်ယာမြေဖော်ထုတ်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

အဓိကသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရာမှ ပိုလျှံသော သီးနှံများကို ပြည်ပသို့ တင်ပို့နိုင်ရေး၊ သီးနှံအမယ်သစ်များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ စားဖိုဆောင်သီးနှံများ တိုးတက်ထုတ်လုပ်ရေး၊ နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် ဥယျာဉ်ခြံသီးနှံများ တိုးတက်ထုတ်လုပ်ရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်သည့် သီးနှံမျိုးသစ်များကိုလည်း သုတေသနပြု ထုတ်လုပ်သွားကြရမည် ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူထားသည့် နယ်မြေများအလိုက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဒေသခံတောင်သူများအား ထိရောက်စွာ ကူညီဆောင်ရွက်သွားရေး ရှင်းလင်းမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် နိဂုံးချုပ်အနေဖြင့် ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် စည်းကမ်းတကျရှိစေရေး၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးပြုနိုင်သူများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားသည်။

(သတင်းစဉ်)

၁၀ ရက်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၇

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် လစဉ် ၁၀ ရက်တရားစခန်းပွဲကို ၂၁ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိရာ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည် လယ်တီစံဆရာတော်များက မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများနှင့် အလှူရှင်များ မေ ၂၀ရက် ညနေ ၄နာရီအရောက် ကြွရောက်ရန်နှင့် ရိပ်သာဖုန်း–၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မကွေးတိုင်းအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ရေပေးရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် မကွေးတိုင်း ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဝန်ထမ်းဖွဲ့စည်းပုံ၊ အဖွဲ့ဝင်ငွေနှင့် လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ချောက်မြို့ ရေပေးဝေရေး ဆောင်ရွက်မှုနှင့် တိုးချဲ့ဆောင်ရွက်မည့် စီမံချက်ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အဖွဲ့ဝင်ငွေဖြင့် ဆောင်ရွက်ပေးနိုင်သည်များကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ မြို့ရေပေးရေးလုပ်ငန်းအပေါ် ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အများသုံးရေကန်များ ဆောက်လုပ်ပေးရန် မှာကြားသည်။ ထို့နောက် အဖွဲ့ပိုင် ပျိုးဥယျာဉ်၌ ပျိုးပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။**(အပေါ်ဝဲပုံ)**

ဆက်လက်၍ ဝန်ကြီးသည် ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ မြို့နယ်အမှုဆောင်အရာရှိက မြို့နယ်၏ဝင်ငွေ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ယာဉ်ယန္တရား လိုအပ်ချက်များကို တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးသည် အဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ ရေပေးရေးနှင့် ပတ်သက်၍ ညှိနှိုင်းကျင်းပသော အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့ ရေပေးဝေမှုအခြေအနေကို အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေလေလွင့်ပြုန်းတီးမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ရေပိုမိုဖြန့်ဝေပေးနိုင်မည့် နည်းလမ်းများ၊ ရေပြုန်းတီးမှု လျော့နည်းစေမည့် နည်းလမ်းများကို စနစ်တကျ အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၈ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး အမှုဆောင်အရာရှိ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်ချက်များ မှာကြားကာ ရုံးဝင်းအတွင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ယန္တရားများကို စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မကွေးမြို့ ရေပေးဝေမှုအခြေအနေနှင့် မြစ်ရေတင်စနစ်ဖြင့် တိုးချဲ့ဖြန့်ဝေပေးမည့် အခြေအနေကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက စနစ်တကျ ရေဖြန့်ဝေပေးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် တောင်တွင်းကြီးမြို့သို့ ရောက်ရှိရာ တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝင်ငွေရရှိမှုနှင့် မြို့ရေပေးဝေမှု အခြေအနေများကို တင်ပြသည်။ ဝန်ကြီးက မြို့ရေပေးရေးလုပ်ငန်းကို အလေးထား ဆောင်ရွက်ရန်၊ ပျက်နေသော တွင်းများ အမြန်ပြန်လည်ပြုပြင်ပြီး ရေဖြန့်ဝေပေးရန်နှင့် အိမ်သွယ်ရေတိုင်များကို ရေမီတာ စနစ်တကျ တပ်ဆင်ရေးမှာကြားသည်။ ထို့နောက် အဖွဲ့ဝန်ထမ်းများအား တွေ့ဆုံပြီး မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေးမှာကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၅–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။	မျိုးချစ်တပ်မတော်
၄:၄၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – Tenses (ဒုတိယနှစ်–အထူးပြုအားလုံး)**
၅:၃၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း" (အပိုင်း–၁၇)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	ဗီစီဒီ ကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟောဝန်က သိုင်းလုလင်" (အပိုင်း–၂၀)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

စာရေးဝန်ထမ်းများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ခင်ဦးမြို့၌ မီးခြစ်ဆည်ရေအားလျှပ်စစ်စက်ရုံဖွင့်

ခင်ဦး မေ ၁၀

မီးခြစ်ဆည် ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲကို ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကြာပို့ကျေးရွာ၌ မေ ၃ ရက် နံနက် ၉ နာရီက ဖွင့်ပွဲကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မီးခြစ်ဆည် ရေအားလျှပ်စစ် သမိုင်းမော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စက်ရုံတည်ဆောက်ရေး တာဝန်ခံ ရွာကျောင်း ဆရာတော်ဘဒ္ဒန္တဇနက (သာသနာ့ဓဇ ဓမ္မာစရိယ)က ငွေကျပ် ၃၅ သိန်းတန် မီးခြစ်ဆည် ရေအားလျှပ်စစ် ဖြစ်ပေါ်ပုံကို ရှင်းလင်းသည်။

အဆိုပါ စက်ရုံမှာ ငါးကီလိုအားရှိပြီး နှစ်ပေမီးချောင်း ၆၀ ကျော် မီးအလင်းရောင်ပေးနိုင်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပြင်ဦးလွင်မြို့ကို စံပြတောင်ပေါ်မြို့ ဖြစ်စေရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ပန်းအလှပျိုးပင် နှစ်သိန်းငါးသောင်းခန့်ဆံ့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပျိုးထောင်နေမှုကို အမှူဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲများ ကျင်းပ

တာချီလိတ် မေ ၅

တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်နိုင်(၁) ကျေးရွာတွင် ရောင်နီဦးနှင့် ရန်နိုင်(၂)ကျေးရွာတွင် အေးရိပ်မြိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ပွဲကို ဧပြီ ၂၆ ရက်က ရန်နိုင်(၁)အမက၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှု အဖွဲ့ဥက္ကဋ္ဌ ဒေါ်သူသူမင်းစံနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်အေးကြည်က ပေးအပ်လှူဒါန်းရာ ရန်နိုင်(၁) ကျေးရွာဥက္ကဋ္ဌနှင့် ရန်နိုင်(၂) ကျေးရွာဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

မော်လမြိုင်ကျွန်း မေ ၉

မော်လမြိုင်ကျွန်းမြို့နယ်မှ တိ–နိဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲကို မေ ၆ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ ရွှေမြန်မာ လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး ပထမထပ်ခန်းမ၌ ကျင်းပရာ တိ–နိ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝံသပါလာလင်္ကာရနှင့် ဒွိပိဋကဓရ ဘဒ္ဒန္တသီလာစာရတို့ထံ ဆွမ်းဆန်တော် အိတ် ၁၃၀ အား မော်လမြိုင်ကျွန်း မြို့ပေါ်နှင့် ကျွဲသလင်းကျေးရွာ အလှူရှင်များကိုယ်စား ဦးသောင်းညွန့်–ဒေါ်တင်ကြည် (ရွှေမြန်မာ လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး)က ဆက်ကပ်လှူဒါန်းကြသည်။

— ဆက်ကပ်လှူဒါန်း —

အဆိုပါ တိ–နိ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲများကို မေ ၆ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ဝကျေးရွာ အလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၉၀ အားလည်းကောင်း၊ မေ ၇ ရက် နံနက် ၁၀ နာရီက လှိုင်းဘုန်းမြို့ အလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၀၀ ကို တိ–နိမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ **(၃၆၄)**

ကလေးမြို့ ပင်လုံရပ်ကွက် ကျန်စစ်သားလမ်းပေါ်တွင် အရှည် ၁၀ ပေ၊ အကျယ် ၁၆ ပေရှိ သစ်သား တံတား အမှတ်(၂) မြေထိန်းနံရံ ကျောက်စီထားရှိမှု အခြေအနေကို ဧပြီ ၂၉ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အလှူရှင်ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းဖွင့်

သာစည် မေ ၉

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အလျားပေ ၆၃၀၊ အကျယ် ၁၆ ပေရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဧပြီ ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိ၊ အလှူရှင်မိသားစုနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အလှူရှင်မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(နယ်စပ်စည်ပင်)

စီမံခန့်ခွဲရေးသင်တန်းဆင်း

မင်းကင်း မေ ၁၅

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ရပ်ကွက် ကျေးရွာအမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းဆင့်ပွားအမှတ်(၅/၂၀၀၅) သင်တန်းဆင်းပွဲကို မေ ၁၁ ရက်က မင်းကင်းအထကကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ကိုယ်စား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ်ခင်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးဝင်းက သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။ **(မြို့နယ်ပြန်/ဆက်)**

ကျောက်ချော လမ်းခင်း

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ရွှေနတ်တောင် – ညောင်စာရေး ကျေးလက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်မိုးနှင့် အငယ်တန်း အင်ဂျင်နီယာ(၃) ဦးရဲနောင်တို့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းဦး ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

နွေရာသီ ဆို၊ က၊ ရေး၊ တီး သင်တန်းဖွင့်

ပျဉ်းမနား မေ ၁၁

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးကြပ်၍ နွေရာသီ ဆို၊ က၊ ရေး၊ တီး သင်တန်းဖွင့်ပွဲအခမ်းအနားကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ မေ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားသည်။ ထို့နောက်သင်တန်းအမျိုးအစားခွဲခြား၍ သင်တန်းနည်းပြဆရာ၊ ဆရာမများက သင်ကြားပေးကြသည်။ အဆိုပါ သင်တန်းသို့ ကျောင်းသူ၊ ကျောင်းသားများနှင့် ရပ်ကွက်ကျေးရွာများမှ စိတ်ပါဝင်စားသူ ၂၀၀ ခန့် တက်ရောက်ကြပြီး သင်တန်းကာလ တစ်လကြာမည် ဖြစ်သည်။ **(၉၉)**

မိုးစပါးစံပြစိုက်ကွင်း ပျိုးကြဲပွဲတော် ကျင်းပ

မူဆယ် မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ၂၀၀၅–၂၀၀၆ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီကွင်းပိတ် ပျိုးကြဲပွဲတော်ကို မေ ၄ ရက်က ကြူကုတ်မြို့မ မန့်မိုင်ကျေးရွာအုပ်စု အထူးအထွက်တိုး ဆင်းရွှေလီမွှေး စံပြဧက ၅၀ စိုက်ကွင်း၌ လည်းကောင်း၊ မေ ၇ ရက်တွင် မူဆယ်မြို့နယ် နောင်လောင်း ကျေးရွာအုပ်စုအထူးအထွက်တိုးဆင်းရွှေလီ မိုးစပါး တစ်ဧက တင်း ၂၀၀ အဆင့်မြင့်စံပြဧက ၅၀ စိုက်ကွင်းတို့၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးနှင့် ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌများနှင့် ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ကြပြီး လက်တွန်းထွန်စက်များဖြင့် မြေပြင်ထွန်ယက်ခြင်း၊ အထူးအထွက်တိုး ဆင်းရွှေလီ မိုးစပါး တစ်ဧကတင်း ၂၀၀ စံပြဧက ၅၀ ပျိုးကြဲ ပွဲတော်တွင် နှစ်လက်မ သံဆန်ခါကွက်ဖြင့် စနစ်တကျ မျိုးစေ့ချပျိုးကြဲခြင်းများပြုလုပ်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

ဒေးဒရဲမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် မေ ၁၄ ရက်က အမှတ် (၂) ရပ်ကွက် ဦးညွန့်မောင် သောက်သုံးရေကန်တွင် စည်ပင်သာယာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်း အဖွဲ့များ စုပေါင်း ၍ ချုံနွယ်များ၊ မြက်များရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

တိုင်းမှူးပိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများ အဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် ဟံသာရိပ်မွန်အိမ်ရာ အဝင်လမ်းထောင့်သို့ ရောက်ရှိလာပြီး ဟံသာရိပ်မွန်အိမ်ရာ အဝင်လမ်း တစ်လျှောက် လမ်းဘေးရေနုတ်မြောင်းနှင့် ဘုရင့်နောင်လမ်းဖြတ် မြေအောက် ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စေရေး အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၆ သို့ ❀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

တိပိဋကဓရ ချီးကျူးပူဇော်ပွဲ ရက်ပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် မေ ၁၇

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် (၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်၊ ၂၀၀၅ခုနှစ် မေ ၂၈ရက် (စနေနေ့)အစား ၁၃၆၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်၊ ၂၀၀၅ခုနှစ် ဇွန် ၄ရက် (စနေနေ့) တွင် ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြောင်းမြဂုန်နီစက်ရုံ စစ်ဆေး စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ထုတ်လုပ်ရေးမှာကြား

ရန်ကုန် မေ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၅ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မြောင်းမြမြို့ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဂုန်နီစက်ရုံ ကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✡

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြောင်းမြမြို့ မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်း ဂုန်နီစက်ရုံ ကုန်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ကြေးမုံ The Mirror
ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- *ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အမျိုးသားနိုင်ငံရေး အသိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်*

  ခေါင်းကြီး (စာမျက်နှာ–၂)

- *"မျက်မှောက်ကမ္ဘာသည် ကိုလိုနီလက်ဟောင်းဝါဒ ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်သော်လည်း ယင်းဝါဒစနစ်ကို အသွင်သစ်တစ်မျိုးဖြင့် ဖော်ဆောင်လျက်ရှိသည့် ကိုလိုနီလက်သစ်တို့၏ ခြေရာလက်ရာ မကင်းသော လုပ်နည်းလုပ်ဟန်တို့ဖြင့် ပျားပန်းခပ် လှုပ်ရှားနေသည့်ကာလဟုပင် တင်စားခေါ်ဆိုနိုင်ပေသည်။"*

  စိုင်းသီဟ၏ **"ပြည်ထောင်စုစိတ်ဓာတ် အမြုတေတည်ရာ အမိမြေကို သိကြားစေ သက်သေညွှန်းလိုက်ပါသည်"**

  ဆောင်းပါး (စာမျက်နှာ–၆)

ထူးခြားသည့် နေ့အပူချိန်များ (၁၇–၅–၂၀၀၅)

မကွေး
၄၅ဒီဂရီ စင်တီဂရိတ်
(၁၁၃ ဒီဂရီ ဖာရင်ဟိုက်)

မုံရွာ၊ မန္တလေး၊ ညောင်ဦး၊ မင်းဘူးနှင့် ပခုက္ကူ
၄၄ဒီဂရီ စင်တီဂရိတ်
(၁၁၁ ဒီဂရီ ဖာရင်ဟိုက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၇–၅–၂၀၀၅)

မြိတ်
၁ ဒသမ ၂၂ လက်မ

ကိုကိုးကျွန်း
၀ ဒသမ ၈၃ လက်မ